# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

October 2 , 2024 Volume 83, Number 2


၂.၁၀.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၂၃.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၀.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၉၀.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၄၈.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၉.၂၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၀၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၉.၂၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၃.၈၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၂၁ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ပဲတီစိမ်း ပြည်တွင်းဈေးအပြင် ပြည်ပဈေးပါ ငြိမ်နေ




လက်ရှိ ပဲတီစိမ်းအမြင့်ဈေးဖြင့် ဈေးငြိမ်နေကြောင်း ဈေးကွက်နှင့် ပဲကုန်သည်များထံမှ သိရသည်။

မိုးပဲတီစိမ်းကို ဇွန်လဆန်းတွင် စတင်စိုက်ပျိုးကြပြီး ဩဂုတ်လကုန်နှင့် စက်တင်ဘာလတွင် လှိုင်လှိုင်ထွက်ပေါ်လျက်ရှိသော်လည်း ဈေးကွက်တွင် အဝင်နည်းနေခြင်းကြောင့် ဈေးငြိမ်နေကြောင်း သိရသည်။

စက်တင်ဘာလ စတုတ္ထအပတ်မှ အောက်တိုဘာလ ပထမအပတ်အထိ ဈေးငြိမ်လျက်ရှိ၊ ပြီးခဲ့သည့်လများဖြင့် ယှဉ်ပါက တစ်ပိဿာလျှင် ၁၀၀၀ ကျော်အထိ မြင့်တက်လျက်ရှိကြောင်း ဈေးကွက်အရ သိရသည်။

“ ပဲတီစိမ်းဈေးက ဈေးငြိမ်နေတာကြာပြီ၊ FOB ဈေးနှုန်းလဲ ငြိမ်နေတယ်။ ပြီးခဲ့တဲ့လတွေနဲ့ ယှဉ်ရင်တော့ အတက်ဈေးမှာပါ။ FOB ဈေးနှုန်းကတော့ ကျလဲ ၁၀ ဘဲ၊ တက်လဲ ၁၀ ဘဲ။ အရောင်းဝယ်ကတော့ ပုံမှန်မရှိဘူး ” ဟု ဘုရင့်နောင်ကုန်စည်ဒိုင်မှ ပဲကုန်သည်တစ်ဦးက ပြောသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲတီစိမ်း (အညာ) တစ်ပိဿာလျှင် ၄၃၃၀ မှ ၄၃၅၀ ကျပ်၊ ပဲတီစိမ်း (ခရမ်းရွှေဝါ) တစ်ပိဿာလျှင် ၅၀၈၀ ကျပ်၊ ပဲခူးရွှေဝါ တစ်ပိဿာလျှင် ၄၇၅၀ ကျပ်ဖြင့် စက်တင်ဘာလ စတုတ္ထအပတ်မှ အောက်တိုဘာလ ပထမအပတ်အထိ ဈေးငြိမ်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် မန္တလေးကုန်စည်ဒိုင်ဈေးနှုန်းအရ ပဲတီစိမ်း (အညာ) ၅၆ ဒသမ ၂၅ ပိဿာ တစ်အိတ်လျှင်၂၀၀,၀၀၀ မှ ၂၄၅,၀၀၀ အထိရှိခဲ့ပြီး လက်ရှိ ပဲတီစိမ်းပဲခွဲ ၅၆ ဒသမ ၂၅ ပိဿာ တစ်အိတ်လျှင် ၁၄၅၀၀၀ မှ ၁၈၅၀၀၀ အထိ ရှိကြောင်းသိရသည်။

လက်ရှိ တရုတ်နိုင်ငံအပါအဝင် ပြည်ပနိုင်ငံများသို့ တင်ပို့ရာတွင် လမ်းပန်းဆက်သွယ်ရေးအပြင် တခြားသော အခက်အခဲများရှိနေ၍ ပုံမှန်ထပ် ဈေးကွက်အေးကြောင်းလည်း သိရသည်။

“ ပဲတီစိမ်းက တရုတ်ဘက်ကိုပဲ အဓိကတင်ပို့တာဆိုတော့ မူဆယ်၊ လားရှိုး၊ ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွေက ပုံမှန်မဖြစ်သေးတော့ အခက်ခဲတွေရှိနေဦးမှာပဲ ” ဟု အောင်လံမြို့မှ ပဲကုန်သည်တစ်ဦးကပြောသည်။

ပဲမျိုးစုံအနက် ပဲတီစိမ်းအနေဖြင့် ပြည်ပသို့ ၂၅၃၃၆၈ ဒသမ ၀၂၇ တန်ချိန်အထိ တင်ပို့နိုင်ခဲ့ကြောင်းသိရသည်။ ပဲတီစိမ်းကို တရုတ်နိုင်ငံမှ ၉၀ ရာခိုင်နှုန်းအထိ အဓိကဝယ်ယူလျက်ရှိပြီး ၁၀ ရာခိုင်နှုန်းမှာ ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ ဝယ်ယူလျက်ရှိကြောင်းသိရသည်။

**Source :(AMIA)**

https://t.me/htwettoe

## ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ရှမ်းပြည်နယ်မှ ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းနေ



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် စားသောက်ကုန်ဈေးကွက်တွင် ရှမ်းပြည်နယ်မှဝင်ရောက် လာသည့် ကြက်သွန်ဖြူများအရောင်းအဝယ်ကောင်းနေကြောင်း ပုသိမ်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ပုသိမ်မြို့နယ်အတွင်း ရှမ်းပြည်နယ်မှ ကြက်သွန်ဖြူများ ဝင်ရောက်လျက်ရှိပြီး စက်တင်ဘာလ ပထမပတ်မှယနေ့ထိ တစ်ရက်လျှင် ကြက်သွန်ဖြူ ပိဿာချိန် ၁၀၀ မှ ၂၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

“ ကြက်သွန်ဖြူက စက်တင်ဘာလ ပထမပတ်လောက်ကတည်းက အရောင်းအဝယ်ကောင်းနေတာပါ။ လက်ရှိ ပုသိမ်မြို့နယ်အတွင်း ရှမ်းပြည်နယ်ဘက်ကထွက်တဲ့ကြက်သွန်ဖြူတွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ဝင်ရောက်နေတဲ့ ကြက်သွန်ဖြူတွေက သန့်ရှင်းပြီး အရည်အသွေးကောင်းတာလဲ တွေ့ရပါတယ်။ လက်ရှိကြက်သွန်ဖြူ ပိဿာကို ငွေကျပ် ၉၅၀၀ ကနေ ၁၁,၀၀၀ လောက်ထိ ပေါက်ဈေးရှိကာ ကြက်သွန်ဖြူအရောင်းအဝယ်ကောင်းနေပါတယ်” ဟု ပုသိမ်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် တစ်ဦးက ပြောပြသည်။

ပုသိမ်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေးနှင့် ကြက်သွန်ဖြူပွဲရုံများသို့ တစ်ရက်လျှင် ကြက်သွန်ဖြူ ပိဿာချိန် ၁၅၀၀ မှ ၅၀၀၀ ထိ ဝင်ရောက်နေကြောင်း၊ အဆိုပါ ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် ကြက်သွန်ဖြူများ ဈေးကောင်းရရှိလာသည့် အတွက်ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ လုပ်သားများ၊ ပွဲရုံပိုင်ရှင်များ အဆင်ပြေလျက်ရှိ ကြောင်း သိရသည်။

**Source: ရတနာပုံ သတင်းစာ**

## ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း နဂါးမောက်သီး အလုံးရေ ၅၅၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်မှ ရန်ကုန်ဈေးကွက် သို့ ဩဂုတ်လအတွင်း နဂါးမောက်သီး အလုံးရေ ၅၅၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မြန်အောင်မြို့နယ် နဂါးမောက်သီးစိုက်ပျိုးရေးနှင့်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် တစ်ဦး က ပြောပြသည်။

မြန်အောင်မြို့နယ်မှရန်ကုန်ဈေးကွက်သို့ဇူလိုင်လ အတွင်း နဂါးမောက်သီးအလုံးရေ ၃၅၀,၀၀၀ ထိသာ တင်ပို့ရောင်းချ နိုင်ခဲ့ပြီး ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိ နဂါးမောက်သီး အလုံးရေ ၅၅၀,၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း မြန်အောင်မြို့နယ်မှ ဒေသခံစိုက်ပျိုးရေးလုပ်ငန်းရှင်များအော်ဂဲနစ်နည်းဖြင့် စိုက်ပျိုးထုတ်လုပ်သည့် နဂါးမောက်သီးများထွက်ရှိကြောင်းသိရသည်။

“ မြန်အောင်မြို့နယ်မှာ အော်ဂဲနစ်နည်းနဲ့ နဂါးမောက်သီးတွေကို စိုက်ပျိုးထုတ်လုပ်နေပါတယ်။ အော်ဂဲနစ်နည်းစနစ်နဲ့ စိုက်ပျိုးထားတဲ့အတွက် နဂါးမောက်သီးတွေက ရက်ရှည်အထားခံပါတယ်။ အရသာလည်း ထူးခြားပါတယ်။ ဈေးကွက်မှာလည်း ရောင်းပန်းလှသလို ဝယ်ယူသူတွေက ပိုမိုကြိုက်နှစ်သက်ပါတယ်။ မြန်အောင်ဘက်မှာ လက်ရှိနဂါးမောက်သီးတွေစတင်ထွက်ရှိနေပြီဖြစ်ပါတယ်။ ထွက်ရှိနေတဲ့ နဂါးမောက်သီးတွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေတာဖြစ်ပါတယ်” ဟု မြန်အောင်မြို့နယ်နဂါးမောက်သီးစိုက်ပျိုးရေးနှင့်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

မြန်အောင်မြို့နယ်မှ ထွက်ရှိသော နဂါးမောက်သီးများ ဈေးကွက်အတွင်း အသီးအရွယ်အစားပေါ်မူတည်ပြီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၅၀,၀၀၀ မှ ၃၅၀,၀၀၀ ထိ ဈေးရရှိကြောင်း သိရှိရသည်။

**Source: ရတနာပုံ သတင်းစာ**

## မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ရော်ဘာရာသီဖွင့်ချိန်တွင် ရော်ဘာတစ်ပေါင် ကျပ် ၃၃၃၀ ဖြင့် စတင် ဈေးကောင်းပေး ဝယ်ယူလျက်ရှိ

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ၌ ရော်ဘာရာသီစတင်ချိန်တွင် ရော်ဘာအဝယ်ဒိုင်များက အချိန်စော၍ ရော်ဘာပြားများကို ဈေးကောင်းပေးဝယ်ယူနေကြောင်း သိရသည်။

“မိုးကမပြတ်သေးလည်း တော်သလင်းလပြည့်နေ့ မတိုင်မီ ကတည်းက မိုးမရွာရင် ရော်ဘာစေးခြစ်ယူပြီး ရော်ဘာဒိုင်တွေဖွင့်မှလာရောင်းတာပါ။ ဈေးကောင်းရပါတယ်။ မှိုင်းမတင်တော့ဘဲ နေလှန်းပြားပဲလာရောင်းတာပါ။ နေလှန်းပြားတစ်ပေါင်ကို ကျပ် ၃၁၀၀ ရပါတယ်။ ခြံအလုပ်သမားတွေက ရလာတဲ့ ရော်ဘာပြားပေါင် အလိုက် ရော်ဘာပြားဖိုးတစ်ဝက်စီယူကြတာပါ ” ဟု သထုံမြို့နယ် ဝီယော်ကျေးရွာမှ တစ်နိုင်တစ်ပိုင် ရော်ဘာခြံပိုင်ရှင်တစ်ဦးက ပြောသည်။

“ မိသားစုစားဝတ်နေရေးအရ ရော်ဘာပြား ရသလောက်ကို လာရောင်းပါတယ်။ ခြံရှင်နဲ့ ထက်ဝက်စားဆိုပေမယ့် ကျွန်တော်တို့က အဆုပ်တုံး၊ ဓားစာ(ဆွဲဖတ်) တွေပါ အပိုလုပ်အားခအနေနဲ့ရတော့ အဆင်ပြေပါတယ် ” ဟု ရပ်ဝေးမှ မိသားစုနှင့် အတူလာရောက်၍ ရော်ဘာစေးခြစ်သူတစ်ဦးက ပြောသည်။

“ဒီရာသီမှာ အစောဆုံး အဝယ်ဖွင့်တာပါ။ ရာသီဥတုအခြေအနေအရ ဝယ်ယူရရှိမှုနည်းလည်း တစ်နေ့ကို ပေါင် ၂၅၀၀ ကျော် ဝယ်နေရပါတယ်။ နေလှန်းပြားပဲ အဝယ်များပြီး မှိုင်းတင်ပြန်ရောင်းပါတယ်” ဟု သုဝဏ္ဏဝတီမြို့ ရွှေလက်ဆောင်ရော်ဘာ

TIR

ရောင်းဝယ်ရေးဆိုင်မှ ဦးဝေယံက ပြောသည်။

ယခုနှစ်ရော်ဘာစတင် ဝယ်ယူချိန်စောပြီး တစ်နိုင်တစ်ပိုင်ရော်ဘာစိုက်တောင်သူများသည် အလုပ်သမားရရှိမှု၊ လုပ်အား လစာအပေါ်မှာမူတည်ပြီး ရော်ဘာစေးခြစ်ယူရရှိနေကြသော်လည်း တစ်ချို့မှာ ရာသီဥတုအခြေအနေ၊ အလုပ်သမားငှားရမ်းမှု မရရှိကြသေးသောကြောင့် လုပ်ငန်းခွင်ကို မစတင်နိုင်သေးကြောင်းလည်း သိရသည်။

**Source: မြန်မာ့အလင်း**

**နိုင်ငံခြားသား ခရီးသွားဧည့်သည်များ လာရောက်မှုများပြားခဲ့ခြင်းကြောင့် ဆန်ဝယ်လိုအား မြင့်မားခဲ့သည့်အတွက် ဂျပန်နိုင်ငံ၏ ဆန်ဈေးနှုန်းများမှာ ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့**

ဂျပန်နိုင်ငံရှိ စားသောက်ဆိုင်များတွင် အသုံးပြုလျက်ရှိသည့် ဆန်များ၏ ဈေးနှုန်းများမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း ဖော်ပြသည်။

အဆိုပါ သတင်းတွင် ဂျပန်စိုက်ပျိုးရေးလုပ်ငန်းစုဖြစ်သည့် JA Group အနေဖြင့် လုပ်ငန်းတွင် အသုံးပြုရန်အတွက် လယ်သမားများထံမှ ဆန်များကို ဈေးနှုန်းသတ်မှတ်ဝယ်ယူလေ့ရှိကြောင်း၊ ယခုနှစ် ဆန်ဈေးနှုန်းမှာ ၆၀ ကီလိုဂရမ် တစ်အိတ် လျှင်ယန်း ၁၅,၀၀၀ (အမေရိကန်ဒေါ်လာ ၁၀၄ ဒေါ်လာ) ဖြစ်ပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၃၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ စားသောက်ဆိုင်များတွင် လူကြိုက်များသည့် အခြားသော ဆန်အမျိုးအစား တစ်မျိုး၏ ဈေးနှုန်းမှာ ၃၈ ရာခိုင်နှုန်း အထိ မြင့်တက်ခဲ့ပြီး ၁၆,၅၀၀ ယန်း ရှိခဲ့ကြောင်း၊ ဂျပန်ဆန် ဈေးကွက်၏ ၄၀ ရာခိုင်နှုန်းကို စီးပွားရေးလုပ်ငန်းများမှ ဝယ်ယူကြပြီး၊ ကျန် ၆၀ ရာခိုင်နှုန်းကို အိမ်ထောင်စုများမှ လက်လီဝယ်ယူကြကြောင်း ဂျပန်နိုင်ငံ စိုက်ပျိုးရေး၊သစ်တောနှင့်ငါးလုပ်ငန်းဝန်ကြီး ဌာနမှ ထုတ်ပြန်ထားကြောင်း ဖော်ပြထားသည်။

အိမ်ထောင်စုများတွင် အသုံးပြုသည့် ဆန်များ၏ ဈေးနှုန်းများမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၁၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်း အထိ မြင့်တက်ခဲ့ကြောင်း၊ အိမ်ထောင်စုများတွင် သုံးစွဲသည့် ဆန်ဈေးနှုန်းများ မြင့်တက်မှုထက် စီးပွားရေးလုပ်ငန်းများတွင် အသုံးပြုသည့် ဆန်ဈေးနှုန်းများ မြင့်တက်မှုမှာ အစဉ်အမြဲများပြားလေ့ရှိကြောင်း၊ အပူချိန် မြင့်မားခဲ့ခြင်းကြောင့် ဆန်ထွက်ရှိမှု နည်းပါးပြီး ဈေးကွက်အတွင်း ဆန်ပြတ်တောက်မှုများ ဖြစ်ပေါ်နေချိန်တွင် စီးပွားရေးလုပ်ငန်းများအနေဖြင့် စဉ်ဆက်မပြတ် ဆန်ဝယ်ယူရရှိနိုင်မှုကို အလေးထားဆောင်ရွက်လာကြကြောင်း၊ စားသောက်ဆိုင် လုပ်ငန်းကြီးများအနေဖြင့် ဆန်ရရှိမှု သေချာ စေရေးအတွက် လယ်သမားများထံမှ ကာလတိုနှင့် ကာလရှည် စာချုပ်များချုပ်ဆိုကာ ဆန်များကို ဈေးကောင်း ပေး၍ ဝယ်ယူ ကမ်းလှမ်းမှုများ ပြုလုပ်လာကြကြောင်း၊ Hidakaya စားသောက်ဆိုင်လုပ်ငန်းစု အနေဖြင့်လည်း ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ဆန်ဈေးကို ၂ ဆတိုးမြှင့်ကာ လာမည့် ၃ လအတွင်း အဆိုပါ ဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရေးအတွက် စာချုပ်ချုပ်ဆိုနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ Origin Bento ဈေးဆိုင်များ ဆောင်ရွက်လျက်ရှိသည့် Origin Toshu အနေဖြင့်လည်း လာမည့် နှစ်အတွင်း ဆန်ဈေးနှုန်းများ မြင့်တက်လာနိုင်ကြောင်း ခန့်မှန်းထားသည့်အတွက် အဆိုပါ ဆန်ဈေး မြင့်တက်မှုကို ကာမိစေ ရေးအတွက် ထမင်းဘူးများ၏ ဈေးနှုန်းများကို တိုးမြှင့်ရောင်းချရန် ဆောင်ရွက်လျက်ရှိကြောင်း၊ Skylark Holdings အနေဖြင့် ၂၆-၉-၂၀၂၄ ရက်တွင် ဆန်အသုံးပြုသည့် ဟင်းပွဲများ၏ ဈေးနှုန်းကို တိုးမြှင့်ခဲ့ကြောင်း၊ Gusto မိသားစု စားသောက်ဆိုင် လုပ်ငန်းအနေဖြင့် ဆန်ဈေးနှုန်းများကို ၁၅ ရာခိုင်နှုန်းတိုးမြှင့်ကာ ထမင်း ၁ ပွဲလျှင် ၂၃၀ ယန်း သတ်မှတ်ခဲ့ ကြောင်း၊ ပြည်တွင်း ထုတ်ဆန်ဈေးများ မြင့်မားလာမှုကြောင့် ပြည်ပမှ တင်သွင်းသော ဈေးသက်သာသည့် ဆန်များ၏ ဝယ်လိုအားမှာ မြင့်တက် ခဲ့ကြောင်း၊ လက်ကားရောင်းချသူများအနေဖြင့် လက်ရှိတွင် ပြည်တွင်းဆန်များကိုသာမက ပြည်ပမှ ဆန်များ ကိုပါ ရောင်းချ လာကြကြောင်း ဖော်ပြထားသည်။

**Source : (စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ တိုကျိုမြို့)**

**Source: The Nikkei Asia**

https://myantrade.gov.mm/

## အင်ဒိုနီးရှားနိုင်ငံသည် ဇီဝဒီဇယ် ၅၀ ရာခိုင်နှုန်း (B50) ထုတ်လုပ်မှုကို အရှိန်မြှင့် ဆောင်ရွက်မည်ဖြစ်ပြီး စားအုန်းဆီကြမ်းကို ကမ္ဘာ့ဈေးကွက်သို့ တင်ပို့မှု လျှော့ချလာနိုင်

အင်ဒိုနီးရှားနိုင်ငံ ရွေးကောက်ခံသမ္မတ Prabowo Subianto က အခမ်းအနားများတွင် ဇီဝဒီဇယ် ၅၀ ရာခိုင်နှုန်း (B50) အစီအစဉ်အကောင်အထည်ဖော်မှုကိုအရှိန်မြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်းပြောကြားမှုများရှိသည်။

အဆိုပါအစီအစဉ်ဖြစ်ပေါ်လာပါက အင်ဒိုနီးရှားနိုင်ငံအနေဖြင့် စားအုန်းဆီကြမ်း တင်ပို့မှုကို လျှော့ချလာနိုင်ပြီး တင်ပို့ခြင်း မပြုလုပ်သည့် အခြေအနေလည်းဖြစ်လာနိုင်ကြောင်း အင်ဒိုနီးရှားဆီအုန်းအသင်းက ဖော်ပြထားသည်။

စိုက်ပျိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဖြစ်သူ Sudaryono က "B50 အစီအစဉ်ကို ကမ္ဘာ့ဈေးကွက်တွင် အပေးအယူ ညှိနှိုင်းနိုင်မှုမြှင့်တင်နိုင်ရန်နှင့် အင်ဒိုနီးရှားနိုင်ငံ၏ စွမ်းအင်ကဏ္ဍအားကောင်းစေရန်ဟူသည့်မဟာဗျူဟာ ၂ ခုအရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊အနောက်နိုင်ငံများ၏ ဆီအုန်းကဏ္ဍအပေါ် ထိခိုက်စေလိုသည့် မူဝါဒများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် မဟာဗျူဟာ တစ်ခုလည်းဖြစ်ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံသည် စားအုန်းဆီတင်ပို့မှု တိုးတက်စေရေးအတွက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဆီအုန်းသည် ကမ္ဘာ့ဈေးကွက် တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိရန် အကောင်းဆုံးပြင်ဆင်ထားသည့် ကုန်စည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဈေးကွက်တွင် ဆီအုန်းထုတ်ကုန်များ ပြဿနာများနှင့် ရင်ဆိုင်ရပါက စားအုန်းဆီကြမ်း (CPO) ကို B50 သို့ ပြောင်းလဲနိုင်ကြောင်း၊တင်ပို့ရခြင်းမရှိသည့် စားအုန်းဆီများကိုအသုံးပြုခြင်းဖြစ်ပြီး ကမ္ဘာ့ဈေးကွက်တွင် အပေးအယူညှိနှိုင်းနိုင်မှုကို အားကောင်းစေရေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း" ပြောကြားခဲ့သည်။

" အင်ဒိုနီးရှားနိုင်ငံသည် ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုနှင့် တင်ပို့မှုပြုလုပ်သည့် အကြီးဆုံးနိုင်ငံဖြစ်ကြောင်း၊ သို့ရာတွင် ဆီအုန်းကဏ္ဍရှိ ပါဝင်ပတ်သက်သူများ၊ ကုမ္ပဏီများ၊ လုပ်ငန်းငယ်များမှာ ၎င်းတို့၏ ထုတ်ကုန်များ တင်ပို့နိုင်မှုနှင့်စပ်လျဉ်း၍ စိုးရိမ်မှုများရှိနိုင်ကြောင်း၊ စားအုန်းဆီတင်ပို့မှုကို နှောင့်နှေးစေရန် ပြုလုပ်သည့်နိုင်ငံရှိပါက စားအုန်းဆီအစား B50 အဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ကြောင်း၊ အင်ဒိုနီးရှားစားအုန်းဆီကို ပြည်ပမှ မဝယ်ယူပါက စွမ်းအင်အဖြစ်သို့ ပြောင်းလဲနိုင်ကြောင်း၊ ထို့ကြောင့် အင်ဒိုနီးရှားနိုင်ငံသည် အစားအစာနှင့်စွမ်းအင်တွင် ထိန်းချုပ်နိုင်သည့်အားသာချက်ရှိကြောင်း၊ B50 အစီအစဉ် အကောင်အထည်ဖော်မှုအပြင် ဈေးကွက်တွင် စားအုန်းဆီဈေးနှုန်းကို ထိန်းချုပ်နိုင်ကြောင်း" Sudaryono က ပြောကြားခဲ့သည်။

" အင်ဒိုနီးရှားနိုင်ငံက ဆောင်ရွက်နေသည့် မဟာဗျူဟာမှာဘရာဇီးနိုင်ငံက ကြံနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခဲ့သည့် နည်းလမ်းနှင့်တူကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ၊ စိုက်ပျိုးရေးဝန်ကြီးဌာနအနေဖြင့် စားအုန်းဆီမှ ဇီဝဒီဇယ်ထုတ်လုပ်မှုကို ဆက်လက် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိထုတ်လုပ်လျက်ရှိသည့် B35 မှ B40၊ B50 ထုတ်လုပ်နိုင်ရေး ဆက်လက်ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပြီး နည်းပညာရှိထားပြီးဖြစ်သည့်အတွက် B100 အဖြစ် ထုတ်လုပ်နိုင်ရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုနှင့် တင်ပို့မှုပြုလုပ်နေသည့် အကြီးဆုံးနိုင်ငံဖြစ်ရာ တင်ပို့မှုလျှော့ချခြင်း၊ ရပ်ဆိုင်းခြင်းများ ပြုလုပ်လာပါက ကမ္ဘာ့ဈေးကွက်အပေါ် သက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်ကြောင်း မြန်မာနိုင်ငံ၏ ဆီအုန်း စိုက်ပျိုးထုတ်လုပ်မှု၊ စားအုန်းဆီတင်သွင်း၊ တင်ပို့မှုများတွင်ချိန်ညှိဆောင်ရွက်နိုင်ပါရန် သုံးသပ်တင်ပြအပ်ပါသည်။

**Source :** **Indonesian Palm Oil Association**

**စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့**

https://myantrade.gov.mm/

## အိန္ဒိယအစိုးရက သကြားအနည်းဆုံးရောင်းချဈေးနှုန်း (MSP) နှင့် အီသနော ဈေးနှုန်းများကို မြှင့်တင်ရန် စဉ်းစားလျှက်ရှိ

အိန္ဒိယအစိုးရသည် အီသနောဈေးနှုန်းများတိုးမြှင့်ခြင်း၊ သကြားရောင်းချမှုအနည်းဆုံးဈေးနှုန်း (Minimum Selling Price – MSP) မြှင့်တင်ခြင်းနှင့် 2024–25 ရာသီအတွက် သကြားတင်ပို့မှုများကို ပြန်လည်သုံးသပ်ရန် စဉ်းစားနေကြောင်းနှင့် ယင်းကိစ္စနှင့် သက်ဆိုင်သည့် ရေနံဝန်ကြီးဌာနနှင့်လည်း ဆက်သွယ်ဆွေးနွေးလျက်ရှိကြောင်း စားနပ်ရိက္ခာဝန်ကြီး Pralhad Joshi က ကြာသပတေးနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

သကြားတင်ပို့မှုနှင့် ပတ်သက်၍ Joshi က လာမည့်နှစ်၏ ထုတ်လုပ်မှုနှင့် သကြားရရှိနိုင်မှုကို ကြည့်ပြီးနောက် ဆုံးဖြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သကြားဈေးနှုန်း ညှိနှိုင်းရေးကော်မတီသည် 2019 ခုနှစ်၊ ဖေဖော်ဝါရီလမှ စတင်ကာ ပြောင်းလဲခြင်းမရှိသော သကြားအနိမ့်ဆုံးရောင်းဈေး တစ်ကီလိုလျှင် ၃၁ ရူပီးကို တိုးမြှင့်ရန် အဆိုပြုချက်ကို ညှိနှိုင်းနေသည်ဟုလည်း ဝန်ကြီးကပြောကြားခဲ့သည်။

Joshi သည် မုတ်သုံလေအခြေနေကို ကိုးကား၍ အောက်တိုဘာလမှ စတင်မည့် 2024–25 ရာသီအတွက် သကြားထုတ်လုပ်မှုမှာ ကောင်းမွန်မည်ဟု ခန့်မှန်းထားကြောင်းလည်း သိရသည်။

အိန္ဒိယအစိုးရမှ သတ်မှတ်ထားသော အီသနောဈေးနှုန်းများသည် 2022–23 ခုနှစ် (နိုဝင်ဘာမှ အောက်တိုဘာလ) မှစတင်၍ မြှင့်တင်ထားခြင်းမရှိသေးဘဲ ကြံရည်၊ B–Heavy တင်လဲရည်၊ နှင့် C–Heavy တင်လဲရည်တို့မှ ထုတ်လုပ်သော အီသနောများ၏ လက်ရှိနှုန်းထားများမှာ တစ်လီတာလျှင် 65.61 ရူပီး၊ 60.73 နှင့် 56.28 ရူပီး အသီးသီး ဖြစ်ကြောင်းသိရသည်။

**Source: Govt mulls hike in sugar MSP, ethanol prices, The Economic Times,**

**(စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

https://myantrade.gov.mm/

## စစ်တမ်းကောက်ယူမှုအရ ထိုင်းနိုင်ငံ၏ စီးပွားရေးလုပ်ငန်း လွယ်ကူစွာဆောင်ရွက်နိုင်မှု ညွှန်းကိန်းကျဆင်း

အာရှ–ပစိဖိတ်နိုင်ငံများ၌ စီးပွားရေးလုပ်ငန်း လွယ်ကူစွာဆောင်ရွက်နိုင်မှုကို စစ်တမ်းကောက်ယူခဲ့ရာ ထိုင်းနိုင်ငံသည် ၂၀၂၂ ခုနှစ်က အဆင့် ၉ နေရာမှ ယခုနှစ်တွင် အဆင့် ၁၂ သို့ ကျဆင်းသွားကြောင်း အာရှငွေကြေးလုပ်ငန်းနှင့် ငွေကြေးဈေးကွက်အဖွဲ့ (Asia Securities Industry and Financial Markets Association –ASIFMA) က ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ် စာရင်းအရ အာရှ–ပစိဖိတ်နိုင်ငံ ၁၃ နိုင်ငံအနက် စင်ကာပူသည် ပျမ်းမျှရမှတ် ၇ ဒသမ ၆၇ဖြင့် ပထမ နေရာတွင်လည်းကောင်း၊ ဟောင်ကောင်သည် ရမှတ် ၇ ဒသမ ၃၈ ဖြင့် ဒုတိယနေရာတွင်လည်းကောင်း၊ ဩစတြေးလျသည် ရမှတ် ၇ ဒသမ ၁၆ ဖြင့် တတိယနေရာတွင်လည်းကောင်း၊ ထိုင်ဝမ်သည် ရမှတ် ၆ ဒသမ ၆၁ ဖြင့် စတုတ္ထနေရာတွင် လည်းကောင်း၊ ဂျပန်နိုင်ငံသည် ရမှတ် ၆ ဒသမ ၆ ဖြင့် ပဉ္စမနေရာ၌လည်းကောင်း အသီးသီးရှိနေခဲ့ပြီး ထိုင်းနိုင်ငံသည် ရမှတ် ၅ ဒသမ ၃၈ ဖြင့် ဗီယက်နမ်၏အထက် အဆင့် ၁၂ တွင် ရှိခဲ့ကြောင်း ASIFMA က ဆိုသည်။

ASIFMA သည် စီးပွားရေးလုပ်ငန်း လွယ်ကူစွာဆောင်ရွက်နိုင်မှုကို စစ်တမ်းကောက်ယူရာတွင် ဈေးကွက်ဖွံ့ဖြိုးတိုးတက်မှု၊ လုပ်ငန်းပတ်ဝန်းကျင်နှင့် စည်းမျဉ်းစသည့် ကဏ္ဍသုံးရပ်အပေါ် အကဲဖြတ်ခြင်း ဖြစ်သည်။

ထိုင်းနိုင်ငံသည် ၂၀၂၃ ခုနှစ်၏ ဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ၌ အားသာမှုမှာ ငွေပေးချေမှု အခြေခံအဆောက်အအုံဖြစ်ပြီး ၂၀၂၂ ခုနှစ်၏ ပြောင်းလဲမှုရလဒ်များကြောင့် စားသုံးသူနှင့်ကြွယ်ဝမှု တိုးတက်လာနိုင်ကြောင်း၊ လုပ်ငန်းပတ်ဝန်းကျင်ကဏ္ဍတွင် ၂၀၂၂ ခုနှစ်က ယဉ်ကျေးမှုနှင့် လူမှုဘဝအချက်များက အားသာခဲ့သော်လည်း ယခုနှစ်တွင် ယှဉ်ပြိုင်နိုင်မှုနှင့် ကုန်ကျစရိတ်

သက်သာမှုတို့က အားသာနေကြောင်း၊ စည်းမျဉ်းကဏ္ဍတွင် ယမန်နှစ်များကဲ့သို့ပင် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများအပေါ် တားမြစ်မှုနည်းပါးခြင်းက အားသာချက်ဖြစ်ကြောင်း သုံးသပ်ထားသည်။

ASIFMA ၏ ၂၀၂၁ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည့် နှစ်စဉ်စစ်တမ်းများအရ ထိုင်းနိုင်ငံသည် ၂၀၂၁ခု နှစ်တွင် အဆင့် ၅ နေရာမှ ၂၀၂၂ ခုနှစ်တွင် အဆင့် ၉၊ ၂၀၂၃ ခုနှစ်တွင် အဆင့် ၁၂ ဟူ၍ ဆက်တိုက် ကျဆင်းနေသည်ကို တွေ့ရသည်။

၂၀၂၃ ခုနှစ် ဧက်တင်ဘာလမှ ဒီဇင်ဘာလအထိ ကောက်ယူခဲ့သော စစ်တမ်းအရ အာရှ - ပစိဖိတ်ဒေသတွင် စီးပွားရေး တိုးချဲ့ရန် ရည်ရွယ်ထားသူများသည် ပြီးခဲ့သည့်နှစ်ကထက် ၂၄ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ၄၀ ရာခိုင်နှုန်းသာရှိသည်။ အာရှ-ပစိဖိတ်ဒေသတွင်း စီးပွားရေးတိုးချဲ့လိုသူများသည် စတော့ဈေးကွက်များ၊ ပိုင်ဆိုင်မှုစီမံခန့်ခွဲမှုနှင့် ငွေချေးစာချုပ်ကဲ့သို့သော လုပ်ငန်းများကိုသာတိုးချဲ့ဆောင်ရွက်လိုခြင်းဖြစ်ကြောင်းထိုင်းနိုင်ငံထုတ်“The Nation”သတင်းစာ တွင် ဖော်ပြထားသည်။

**Source : The Nation**

https://www.commerce.gov.mm/

## စစ်တွေဆိပ်ကမ်း ဆက်လက်လည်ပတ်နိုင်ရန် ကြိုးပမ်းနေဟု အိန္ဒိယဆိပ်ကမ်းဝန်ကြီးပြော

မြန်မာနိုင်ငံမှာ စစ်တွေဆိပ်ကမ်းကို ဆက်လက်လည်ပတ်နိုင်ရေးအတွက် မြန်မာအာဏာပိုင်တွေနဲ့ နီးနီးကပ်ကပ် ဆောင်ရွက်နေကြောင်း အိန္ဒိယအစိုးရ ဆိပ်ကမ်းနှင့် ရေကြောင်းကုန်သွယ်ရေးဝန်ကြီး ဆာဘနန္ဒဆိုနိုဝယ်က ပြောပါတယ်။

အထူးသဖြင့် မြန်မာနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေရဲ့ အနီးအနားပတ်ဝန်းကျင်က အခြေအနေတွေဟာ စိန်ခေါ်မှုအဖြစ် ရှိနေ တယ်လို့ ဆိုပါတယ်။ သို့ပေမယ့် အိန္ဒိယအစိုးရက နှစ်နိုင်ငံစလုံးနဲ့ ကုန်သွယ်ရေး၊ ဆက်ဆံရေးကို ထိန်းသိမ်းမြှင့်တင်ဖို့ ကတိပြု ထား တယ်လို့ အိန္ဒိယဆိပ်ကမ်းဝန်ကြီးက Hindu Business Line သတင်းဌာနကို ပြောပါတယ်။

စစ်တွေဆိပ်ကမ်းက ကုလားတန်မြစ်ဝမှာ တည်ရှိပြီး အိန္ဒိယနိုင်ငံရဲ့ ကုန်းတွင်းပိတ် အရှေ့မြောက်ပိုင်း ပြည်နယ်များ အတွက် ရွေးချယ်စရာ နောက်ထပ်ရေလမ်းကြောင်းတစ်ခုအဖြစ် ပံ့ပိုးပေးမှာလို့လည်း အိန္ဒိယအစိုးရက မျှော်လင့်ထားပါတယ်။ စစ်တွေမှာ ဆောက်လုပ်မယ့် အဆောက်အဦတွေက ကုလားတန် ဘက်စုံသုံး သယ်ယူပို့ဆောင်ရေးစီမံကိန်း (KMTTP) ရဲ့ ရည်မှန်းချက်ကို ပြည့်မီစေမှာလို့လည်း အိန္ဒိယဆိပ်ကမ်းဝန်ကြီးက ပြောပါတယ်။

IPGL (India Ports Global Ltd) က ကုလားတန် ဘက်စုံသုံး သယ်ယူပို့ဆောင်ရေးစီမံကိန်း လည်ပတ်ဖို့ တာဝန်ယူ မှာဖြစ်ပြီး စစ်တွေနဲ့ ပလက်ဝဆိပ်ကမ်းစီမံကိန်း ပြုပြင်ထိန်းသိမ်းခြင်းလည်း ပါဝင်တယ်လို့ သိရပါတယ်။ စစ်တွေဆိပ်ကမ်းက အိန္ဒိယထံမှ ကုန်သေတ္တာတွေကို ၂၀၂၃ ခုနှစ် မေလမှာ စတင်လက်ခံခဲ့ပြီး ဆိပ်ကမ်းဖွင့်ပွဲကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ က ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်ခဲ့ပါတယ်။

လက်ရှိမှာ စစ်တွေကုလားတန်ဆိပ်ခံတံတား (Kaladan Multi-Modal Transit Transport Project Jetty) ကို ယာယီပြည်တွင်းဆိပ်ကမ်းတံတားအဖြစ် သတ်မှတ်ပြီး ကမ်းရိုးတန်းသွားနဲ့ မြစ်တွင်းသွားသင်္ဘောတွေ ဆိုက်ကပ်အသုံးပြုနေ ပါတယ်။

**Source : The Hindu Business Line**

**သတင်း – BETV Business**

# STOCK EXCHANGE (2.10.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 2nd Oct. 2024

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,743 (Shares) | 22,315,000 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +100 | +1.15% | 8,700 | 8,800 | 8,700 | 252 | 2,197,600 | 33,109,694 | 291,365 |
| MTSH | 00002 | 3,500 | +50 | +1.45% | 3,450 | 3,500 | 3,450 | 654 | 2,258,900 | 38,929,150 | 136,252 |
| MCB | 00003 | 9,000 | +0 | +0.00% | 9,000 | 9,000 | 9,000 | 0 | 0 | 10,400,986 | 93,609 |
| FPB | 00004 | 1,900 | -50 | -2.56% | 1,800 | 1,900 | 1,800 | 5,052 | 9,098,750 | 29,664,613 | 56,363 |
| TMH | 00005 | 2,900 | -50 | -1.69% | 2,500 | 2,900 | 2,500 | 1,392 | 3,596,350 | 12,823,224 | 37,187 |
| EFR | 00006 | 1,700 | -50 | -2.86% | 1,700 | 1,750 | 1,700 | 1,770 | 3,014,000 | 19,977,223 | 33,961 |
| AMATA | 00007 | 4,500 | +0 | +0.00% | 4,500 | 4,500 | 4,500 | 0 | 0 | 10,497,598 | 47,239 |
| MAEX | 00008 | 3,500 | +50 | +1.45% | 3,450 | 3,500 | 3,450 | 623 | 2,149,400 | 23,804,946 | 83,317 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 2nd Oct. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 413.16 | +1.76 | +0.43% | 405.45 | 413.16 | 405.45 | 9,743 | 22,315,000 | 8 | 779,293 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 2nd Oct. 2024

| Trading Volume | Trading Value |
|---|---|
| 9,743 (Shares) | 22,315,000 (MMK) |

## Main Board

As of 1:00 pm, 2nd Oct. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,743 (Shares) | 22,315,000 (MMK) |

| MYANPIX | 413.16 ▲ 1.76 |
|---|---|
| Total Volume (shares) | 9,743 |
| Total Value (MMK) | 22 mil |
| Listed Company | 8 |
| Market Cap. (MMK) | 779,293 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 100 |
| MTSH | 00002 | 3,500 | ▲ 50 |
| MCB | 00003 | 9,000 | ▲ 0 |
| FPB | 00004 | 1,900 | ▼ 50 |
| TMH | 00005 | 2,900 | ▼ 50 |
| EFR | 00006 | 1,700 | ▼ 50 |
| AMATA | 00007 | 4,500 | ▲ 0 |
| MAEX | 00008 | 3,500 | ▲ 50 |